# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၅၃)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် ၊ ၁၈-၈-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## မုန်တိုင်းငယ် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသများနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိခဲ့ကာ ဆက်လက်တည်ရှိနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ဂျက်ခမ်းပြည်နယ်နှင့် ဘီဟာပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိ




**နေပြည်တော် ဩဂုတ် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသည်။


စာမျက်နှာ ၃ သို့


နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုကြစဉ်။

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာနနှင့် United Kingdom(UK) မှ နှလုံးနှင့် သွေးကြောခွဲစိတ်အထူးကုတို့ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ အောင်မြင်စွာဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

United Kingdom(UK) နိုင်ငံ St Bartholomew's Hospital, Barts Heart Centre, နှလုံးသွေးလွှတ်ကြော ခွဲစိတ်ကုဌာနမှ နှလုံးနှင့် သွေးကြောခွဲစိတ်အထူးကုပါမောက္ခ ဒေါက်တာအောင်ရဲဦးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (နှလုံးနှင့် သွေးကြောခွဲစိတ်) ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်၊ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့် တွဲဖက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ နှလုံးသွေးလွှတ်ကြောမပေါက်ပြဲသည့်ရောဂါ (Acute aortic dissection from aortic arch to both iliac arteries)အား ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာန၌ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ လူနာကို အထူးကြပ်မတ်ကုသမှုဌာနတွင် လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်ပေးနေပြီး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီဖြစ်သည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောခွဲစိတ်ကုသဌာနတွင် မွေးရာပါနှလုံးရောဂါများ၊ နှလုံးအဆို့ရှင်ဆိုင်ရာရောဂါများ၊ နှလုံးသွေးကြောပိတ်ရောဂါနှင့် နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသမှုများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း Major operation ခွဲစိတ်ကုသမှု ၂၃၅ ခုနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ ၁၃၅ ခု ဆောင်ရွက်နိုင်ခဲ့သည်။

**ပါဝင်ဆောင်ရွက်**

အဆိုပါ ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်သည့် UK နိုင်ငံမှ ပါမောက္ခ ဒေါက်တာအောင်ရဲဦးသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယခုအထိ မြန်မာနိုင်ငံ၏ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်ကုသမှုတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာလအလွန် ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ မြန်မာနိုင်ငံသို့ ကိုးကြိမ်လာရောက်ခဲ့ပြီး ပူးပေါင်းခွဲစိတ်ကုသမှု ၃၈ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသမှုဆိုင်ရာ မျိုးဆက်သစ်များ မွေးထုတ်နိုင်ရေးအတွက် ဆေးပညာသင်ကြားရေးအစီအစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀

၀-၀-၀



## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့အပါအဝင် ဟုမ္မလင်းနှင့် ဖောင်းပြင်တို့တွင် ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ

**မုံရွာ ဩဂုတ် ၁၇**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် လက်ရှိတပ်ဆင်အသုံးပြုနေသည့် ၁ ဒသမ ၂ မီတာရှိ Ku-Band ဂြိုဟ်တုစနစ်သည် ဗန်းသေး၍ ဝပ်အားနည်းသဖြင့် ရာသီဥတုကြောင့် ဖုန်းလိုင်းအတက်အကျဖြစ်ခြင်း၊ ပြတ်တောက်ခြင်းနှင့် လိုင်းကျပ်ခြင်းများ ဖြစ်ပေါ်သဖြင့် ဝပ်အားကြီးသည့် ၂ ဒသမ ၄ မီတာရှိ C-Band ဂြိုဟ်တုစနစ်ကို ဩဂုတ် ၁၂ ရက်က တိုးချဲ့တပ်ဆင်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ ဂြိုဟ်တုစခန်းစနစ်များကို အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် ယခင်ဖုန်းခေါ်ဆိုမှုနှင့် စာတို (SMS) ပေးပို့မှုများအပြင် လဟယ်မြို့ရှိ သတ်မှတ်ထားသောနေရာတွင် အင်တာနက်အသုံးပြုနိုင်သဖြင့် အွန်လိုင်းစာမျက်နှာများနှင့် အချက်အလက်များကို လွယ်ကူချောမွေ့စွာ စတင်အသုံးပြုနိုင်ပြီဖြစ်သည်။


စာမျက်နှာ ၃ သို့ ♦

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ အင်္ဂါနေ့။

# နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

နိုင်ငံတော်အနေဖြင့် နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် အပြန်အလှန်မှီခိုလျက်ရှိသည်။ လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း အကြီးမားဆုံးစိန်ခေါ်မှုမှာ ရာသီဥတုပြောင်းလဲမှု (Climate Change)နှင့် ကမ္ဘာကြီးပူနွေးလာမှု (Global Warming)"ပင်ဖြစ်သည်။ အပူချိန်လွန်ကဲလာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သာမန်ထက်လွန်ကဲသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် ပြင်းထန်သည့် မုန်တိုင်းများ တိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို ကမ္ဘာနှင့်အဝန်း ကြုံတွေ့ခံစားနေကြရသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ယခင်ကထက်ပိုပြီး ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် သိသာထင်ရှားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

မကြာသေးမီ ၂၀၂၃ ခုနှစ်က ကြုံတွေ့ခဲ့ရသည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်က တောင်တရုတ်ပင်လယ်မှ စတင်ဖြစ်ပေါ်ခဲ့သည့် စူပါတိုင်ဖွန်းရာဂီမုန်တိုင်းနှင့်အတူ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များသည် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများပင်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရေးအတွက် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင် လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊ လမ်းတံတားဆောက်လုပ်လှူဒါန်းခြင်း၊ ရေတွင်းရေကန်တူးဖော်လှူဒါန်းခြင်းစသည်တို့နှင့် တန်းတူအကျိုးထူးများ ရရှိနိုင်သည့် ထာဝရကုသိုလ်တစ်ခုပင်ဖြစ်သည်။ အေးမြသည့် အရိပ်အာဝါသ၊ လှပစိမ်းစိုသည့်ရှုခင်း၊ အရောင်စုံပြီး မွှေးပျံ့သည့် ပန်းရနံ့များကို လူတိုင်းကြိုက်နှစ်သက်သည်ဖြစ်သည့်အတွက် စိုက်သည့်သစ်ပင်တိုင်း ရှင်သန်အောင်မြင်စေလိုသည့် စိတ်ရင်းစေတနာကောင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် တူညီသည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "သစ်ပင်သစ်တောများတည်ရှိနေခြင်းသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွား၊ အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်မှုဟုဆိုနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ ဟူသည့် မူဝါဒနှင့်အညီ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း" ပြောကြားသည်။

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ဟူသည့် မူဝါဒနှင့်အညီ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခြင်းအပြင် မိသားစုအလိုက်၊ လူမှုရေးအသင်းအဖွဲ့များအလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအလိုက်၊ သစ်ပင်စိုက်ပျိုးခြင်းကိုလည်း ဒေသအသီးသီး၌ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် စိုက်ပျိုးကြရမည်ဖြစ်ပြီး တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေးကိုလည်း အထူးအလေးထား စိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုအမှတ်(၁/၂၀၂၆)ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက်၁၀နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင်ရုံး ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၁/၂၀၂၆)ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးဆောင်ရွက်

မန္တလေး ဩဂုတ် ၁၇

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် သောက်ရေများအား ရေသန့်ဆေးပြားခတ်ခြင်း၊ သုံးရေများအား ကလိုရင်ဆေးခတ်ခြင်း၊ ကျန်းမာရေး အသိပညာပေးပြောခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ကျန်းမာရေးဝန်ထမ်းများမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လန်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ခြင်လောက်လန်းသေဆေး(abate)ဆေးခပ်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် သောက်ရေများအား ရေသန့်ဆေးပြားခတ်ခြင်း၊ သုံးရေများအား ကလိုရင် ဆေးခတ်ခြင်းများကို အလှည့်ကျရပ်ကွက်များသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ မဟာအောင်မြေမြို့နယ်၊ သံလျက်မော် အရှေ့ရပ်ကွက်တွင် ကွင်းဆင်း ဆောင်ရွက်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်စော်မင်း

# မန္တလေးဘောလုံးသမားဟောင်းများအသင်းနှင့် (ဆ)မိသားစုကော်မတီအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲယှဉ်ပြိုင်

မန္တလေး ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်(၁၀၈)လမ်းနှင့်(၁၀၉)လမ်းကြား(၇၃)လမ်းနှင့် (၇၄)လမ်းကြားရှိ ချမ်းမြသာစည်(ဆ) မိသားစုဖလားကွင်း ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရချစ်ကြည်ရေး ဘောလုံးပွဲအဖြစ်အသက်(၄၀)နှစ်အထက်ဘောလုံးသမားများ ပါဝင်သော မန္တလေးဘောလုံးသမားဟောင်းများအသင်းနှင့် ချမ်းမြသာစည်(ဆ)မိသားစုဘောလုံး ကော်မတီအသင်းတို့ ဩဂုတ်(၁၆)ရက်ညနေ(၄)နာရီတွင် ချမ်းမြသာစည်မြို့နယ်(ဆ)အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြို့နယ်အား/ကာဦးစီးအရာရှိနှင့် တာဝန်ရှိသူများနှင့် ဒေသခံဘောလုံးအားကစားဝါသနာရှင်များလာရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ချစ်ကြည်ရေးပွဲတွင်နှစ်ဖက်အသင်းမှ ဘောလုံးအသင်းခေါင်းဆောင်တို့က အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ အထိမ်းအမှတ်အလံများလဲလှယ်ကာ ပြိုင်ပွဲယှဉ်ပြိုင်ကစားကြရာ မန္တလေးOLD STARအသင်းက ချမ်းမြသာစည်(ဆ)မိသားစုဘောလုံးအသင်းကို (၄)ဂိုး (၂)ဂိုးဖြင့်အနိုင်ရရှိသွားကြောင်း သိရသည်။

တင်မောင်-မန္တလေး

၀-၀-၀-၀-၀

၀-၀-၀

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒသမနေ့) ဆက်လက် ကျင်းပ

မန္တလေး ဩဂုတ် ၁၇

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒသမနေ့)ကို ယနေ့ နံနက် (၁၀း၀၀)နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ခန်းမ၌ အစီအစဉ်(၈)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း (၇၂)ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၄)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း (၁၉)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။




ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က "မန္တလေးတိုင်းဒေသကြီး၏၂၀၂၆ -၂၀၂၇ ခု၊ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး လျာထားချက်"နှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးပါရန် တင်သွင်းသည်။

ထို့နောက် လွှတ်တော် ဥက္ကဋ္ဌက ၄င်းလျာထားချက်နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူသည့်အတွက် လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းကြေညာသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒသမနေ့)ကို (၁၁း၁၅) နာရီတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဩဂုတ် ၁၈ (အင်္ဂါနေ့) နံနက်(၁၀း ၀၀)နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၃ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )

### ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုး အား နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၄ /၂၀၂၆
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးရဲထွန်းဦး အား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❂ ရှေ့ဖုံးမှ

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာ အာကာသအေဂျင်စီ အမှုဆောင် အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိများ၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသ စံတော်ချိန် ညနေ ၆ နာရီတွင် မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး Mr. Maxim Gennadievich Reshetnikov၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ မြန်မာ စစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။




နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadievich Reshetnikov က ကြိုဆိုနှုတ်ဆက်စဉ်။

လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော် အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ဆောင်ရွက်စဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများအား တီးမှုတ်ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော် သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံ ဝန်ကြီးချုပ်၊ ရုရှားနိုင်ငံဒူးမား လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ခိုင်မာစေရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော် သမ္မတသည် မြန်မာ - ရုရှား စီးပွားရေး ဖိုရမ်သို့လည်း တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

◆ ရှေ့ဖုံးမှ

ထို့ပြင် ဟုမ္မလင်းမြို့နယ်တွင်လည်း ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် GSM မိုဘိုင်းစခန်း ၁၅ ခုကို ဖုန်းခေါ်ဆိုမှု(အသံ)၊ စာတိုပေးပို့မှု (SMS) ဖြင့် လှစ်အသုံးပြုပေးထားကာ Transmission အဝေးဆက်ကြောင်းလိုင်းဆိုင်ရာ အခက်အခဲများဖြစ်ပေါ်လျက်ရှိနေသေးသဖြင့် ပြည်သူများဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် သတ်မှတ်နေရာတွင် အင်တာနက်ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

အလားတူ ဖောင်းပြင်မြို့နယ်တွင်လည်း မိုက္ကရိုဝေ့အဝေးဆက်ကြောင်းနှင့် ပင်မဖိုင်ဘာဆက်ကြောင်းပြတ်တောက်မှု ဖြစ်ပွားနေရခြင်းအတွက် လက်ရှိတွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ် အသုံးပြု၍ ဖောင်းပြင်မြို့နယ်တွင်လည်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**၁၇-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀)ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ်မှ အစိုးရအဖွဲ့အကြီးအကဲများနှင့်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့သည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရောက်ရှိကြရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မိုးလွင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လေဆိပ်ဧည့်ခန်းမဆောင်တွင် ရာဂျာစတန် ပြည်နယ်ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီးနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ဖွန်လအတွင်း တရားဝင်ခရီးစဉ် လာရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုများစွာရှိပြီး နှစ်နိုင်ငံဆက်ဆံရေးသည် လက်ရှိအချိန်တွင် ဒေသအတွင်း အကောင်းဆုံးဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ငင်းနောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့်တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်တွင် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။



## လူငယ်စကားဝိုင်း ကျင်းပ

**ချောက် ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အ·ထ·က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးသူများအဖြစ် အ·ထ·က (၂)အခြေခံပညာအထက်တန်းကျောင်း Grade - 11 မှ မောင်ကြယ်စင်ကိုကို၊ Grade - 10 မှ မအေးပြည့်စုံဖွေး၊ Grade- 10 မှ မောင်ရှိုင်းဝဏ္ဏဇော်၊ Grade - 10 မှ မပန်စုစံမှူးတို့က 'လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်'၊ 'လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး'၊ 'လူငယ်နှင့် စာဖတ်ခြင်း'၊ 'လူငယ်နှင့် အနာဂတ်'ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသည့် အ·ထ·က(၂)ကျောင်းသား၊ ကျောင်းသူများက သိရှိ လိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးဖြေကြားပေးခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား စာအုပ်ပြပွဲ၊ မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းအိမွန်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

## မိုးစပါး ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ သီးနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီး ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

'ကျွန်းလှမြို့နယ်မှာ ဒီနှစ် တစ်မြို့နယ်လုံး မိုးစပါးစိုက်ပျိုးဖို့ ၃၅၆၉၆ ဧက လျာထားပြီး ယနေ့အထိ ၃၁၉၄၀ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ ဇွန်လဆန်းက စတင်ပြီး ချောင်းရေ၊ မြောင်းရေနဲ့ မြေအောက်ရေတင်ပြီး ပျိုးထောင်စိုက်ပျိုးကြပါတယ်။ အခုအခါ နောက်မိုးရွာသွန်း၍ တောင်သူတွေ ဆက်လက်စိုက်ပျိုးနေကြပါတယ်'ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများ ကျင်းပခြင်း၊ သမန်နှံပေါင်းထိုးပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းဧရာမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေနှင့် အောင်နိုင်တိုးစပါးမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

(၄၈၀)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## မိုးနှောင်းချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၁၇**

မိတ္ထီလာမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါစံပြကွက် ဧက ၅၀ ပန်းတိုင်အထွက်နှုန်းရရှိရေး တာဝန်ရှိသူများက ယနေ့တွင် ဝါးရုံအုပ်စု အိုင်ကြီးလည်ကျေးရွာ ကွင်းအမှတ် ၁၀၈၈ တွင် စိုက်ပျိုးထားရှိသည့် စိုက်ဧကများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်နှင့် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဝါးရုံအုပ်စု အိုင်ကြီးလည်ကျေးရွာ ကွင်းအမှတ် ၁၀၈၈ တွင် စိုက်ပျိုးထားသည့် မိုးနှောင်းချည်မျှင်ရှည်ဝါ (B-31)စံပြကွက်ဧက ၅၀ စိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံဝါစိုက်တောင်သူများအား ဝါသီးနှံစိုက်ခင်းများ အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရမည့်အခြေအနေများ၊ ဝါစိုက်ခင်းများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများနှင့် ကာကွယ်ရေးနည်းလမ်းများ၊ ဝါများ ဈေးကောင်းရရှိစေရန် ဝါကောက်ယူသိမ်းဆည်းရာတွင် ခွဲ၍ ကောက်ယူသည့်နည်းလမ်းများ အသုံးပြုရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၄၆၉)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်သွားရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ကာဇက်စတန် သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီဘာယ်လ်ဒီ၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီဘာယ်လ်ဒီ တို့သည် လေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးကောက်တင်မြှောက်သည့် နိုင်ငံတော်အစိုးရမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာဇက်စတန် နိုင်ငံတို့အကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်မှုများဆောင်ရွက်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီ ဘာယ်လ်ဒီတို့ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူးက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး နိုင်ငံတော်သမ္မတက အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆေးခြင်ထောင် ထောက်ပံ့ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် (abate) ဆေးခပ်ခြင်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးခြင်ထောင်ထောက်ပံ့ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းများကို ယနေ့ နံနက်ပိုင်းက အဝေရာရာမ ရန်ကင်းကျောင်းတိုက်သို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ကျန်းမာရေးဝန်ထမ်းများက မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက်အတွင်းရှိ သံဃာတော် ၉၆ ပါးနှင့် အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြည်သူ ၂၇ ဦးတို့အား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးခြင်ထောင်ထောက်ပံ့ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့်ပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးစီးအရာရှိနှင့် ကျန်းမာရေးဝန်ထမ်းများမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ခြင်လောက်လမ်းသေဆေး(abate) ဆေးခပ်ခြင်းနှင့် ဆေးခြင်ထောင်ထောက်ပံ့ခြင်းများကို ရပ်ကွက်အုပ်ချုပ်မှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၅၆)



## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ ယနေ့ နံနက် ၁၁ နာရီက ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာအုပ်စာစောင်များငှားရမ်းဆောင်ရွက်ပေးရာတွင် ယင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသ စာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့ လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လေ့လာဖတ်ရှုစေခဲ့ပြီး စာအုပ်စာစောင်များ အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

ယင်းစာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**စင်မင်းမောင်**
**(ခရိုင် ပြန်/ဆက်)**

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်

**သရက် ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အနောက်ရပ်မြောက်ပိုင်း အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ရှင်းရှင်းသန့်က စနစ်တကျ သွားတိုက်နည်းအကြောင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းပေးမှုအကြောင်းတို့ကို ဆွေးနွေးပြောကြားပေးခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ နား၊ လည်ပင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဓာတ်ပုံ)**
**နောင်နောင်(ဗိုလ်သန်းမြေ)**

## ကျောက်ဆည်တွင် RASB Awareness များ ကျင်းပပြုလုပ်

**မန္တလေး ဩဂုတ် ၁၇**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာန၏ ညွှန်ကြားချက်ဖြင့် အန္တရာယ်ဖြစ်နိုင်ချေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း (Risk Awareness and Safer Behavior-RASB) အကြောင်း သိကောင်းစရာ ဟောပြောပွဲများကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သံရွာအုပ်စု၊ နောင်ခမ်းအခြေခံမူလတန်းကျောင်း၌ ဩဂုတ် ၁၄ ရက်တွင် ကျောင်းသား၊ ကျောင်းသူ ၅၄ ဦးတို့အား လည်းကောင်း၊ ညွှန့်ပင်အခြေခံ မူလတန်းကျောင်း၌ ဩဂုတ် ၁၅ရက်တွင် ကျောင်းသား၊ ကျောင်းသူ ၅၄ ဦးတို့အား လည်းကောင်း ကျောက်ဆည်မြို့နယ်ကြက်ခြေနီ စေတနာ့ဝန်ထမ်းအဖွဲ့ ကျောက်ဆည်မြို့နယ်ကြက်ခြေနီ စေတနာ့လုပ်အားရှင် အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦးတို့က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၇၀)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက်ရေးဆွဲဆောင်ရွက်မည်

မန္တလေး ဩဂုတ် ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် စသည့်ဒေသသုံးခုရှိ ကျေးလက်နေအမျိုးသမီးများအတွက် ကျေးလက်နေအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၏ ပြောကြားချက်အရ သိရသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စီမံချက်တွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ကူညီပံ့ပိုးရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး အနည်းဆုံး Grade-9 အထိ ပညာသင်ကြားနိုင်ရေး၊ အမျိုးသမီးများအနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များနှင့် ပူးပေါင်း၍ public- private partnership ဆောင်ရွက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံချက်နယ်မြေများတွင် ကျန်းမာရေးနှင့်အာဟာရ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့်ကဏ္ဍများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေ အမျိုးသမီးများ၏ အမူအကျင့်များပြောင်းလဲလာအောင် သင်တန်းများပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို စံပြခရိုင်များအဖြစ်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားကြောင်း၊ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ပြင်ဦးလွင်၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ အမရပူရနှင့် မြစ်သားမြို့နယ်တို့ရှိ ကျေးရွာသုံးရွာစီဖြင့် ကျေးရွာ ၁၅ ရွာ ဆောင်ရွက်မည့်အစီအစဉ်၌ မိတ္ထီလာခရိုင်တွင် ကျေးရွာရှစ်ရွာနှင့် ရမည်းသင်းခရိုင်တွင် ကျေးရွာလေးရွာ ထပ်မံထည့်သွင်းပြီး ကျေးရွာ ၂၇ ရွာ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးအဖွဲ့များနှင့်တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် (၆)မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျှောထုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ) ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၁ စင်တီမီတာ(၂ ပေခန့်) အလိုတွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းရွှေ့နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၁၀ နာရီ ၄၁ မိနစ် ၀၄ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် တစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဇမ္ဗူသီရိမြို့နယ်၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၉ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃(M) အဆင့်ရှိ အင်အားအနည်းငယ် ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်လှစ်

မန္တလေး ဩဂုတ် ၁၇

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း အမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)ရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ တိုင်းဒေသကြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေအောင်ကျော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခန့်သွင်၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးစီးအရာရှိ ဦးအောင်ကိုကိုမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းဗဟိုဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦး၊ အတွင်းရေးမှူး ဦးမြင့်သန်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ နည်းပြများ၊ အလှူရှင်များ၊ သင်တန်းသား၊ သင်တန်းသူ(၂၀)ဦး တက်ရောက်ခဲ့ကြသည်။

ဦးစွာ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီးနောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးစီးအရာရှိက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ငင်းနောက် သင်တန်းအတွက် စေတနာအလှူရှင် ပြည်ကြီးရန်လုံ ရပ်ကွက်အုပ်ချုပ်ရေးမှူး မိသားစုက အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ သင်တန်းကို ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)



၀-၀-၀-၀-၀

# ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြပြီး ရမည်းသင်းခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ကျောက်ဆည်ခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို ၃ ဂိုး - ၂ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

၎င်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌတို့က ဂိုးသမားအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ အကောင်းဆုံးကစားသမားဆု ရရှိကြသည့် အားကစားသမားများကို ဆုတံဆိပ်နှင့် ငွေသားဆုများ၊ တတိယဆုရ ပြင်ဦးလွင်ခရိုင်အသင်းမှ အားကစားသမားများအား ဆုတံဆိပ်များနှင့် ငွေသားဆု၊ ဒုတိယဆုရ ရမည်းသင်းခရိုင်အသင်းမှ အားကစားသမားများအား ဆုတံဆိပ်များနှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပထမဆုရ ကျောက်ဆည်ခရိုင်အသင်းမှ အားကစားသမားများအား ဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရ ကျောက်ဆည်ခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)













# ကန့်ဘလူမြို့နယ်၌ ရေဘေးသင့်တိရစ္ဆာန်များအတွက် တိရစ္ဆာန်အစာအိတ်များ ထောက်ပံ့ပေးအပ်

**ကန့်ဘလူ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် မိုးမြစ်ရေမြင့်တက်ပြီး ရေဝင်ရောက်ခဲ့သည့် ညောင်ပင်ကြီးကျေးရွာအုပ်စု မိုးကောင်းကျေးရွာမှ ကျွဲ၊ နွား၊ ဝက် တိရစ္ဆာန်များ အစာဖူလုံမှုရှိစေရန်အတွက် တိရစ္ဆာန်အစာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ကန့်ဘလူခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထက်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါက်တာမြတ်လင်းက တိရစ္ဆာန်အစာအိတ်များ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ဆက်လက်၍ တာဝန်ရှိသူများက မွေးမြူရေးတောင်သူများထံသို့ တိရစ္ဆာန်အစာအိတ် ၅၃ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ကန့်ဘလူမြို့နယ်တွင် ဩဂုတ် ၅ ရက်က မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးမြစ်ရေ ရုတ်တရက်မြင့်တက်လာပြီး မိုးကောင်းကျေးရွာတွင် ရေဝင်ရောက်မှုဖြစ်ပွား၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ကျွဲသုံးကောင်၊ နွား ၁၅၆ ကောင်၊ ဝက် ၁၈၃ ကောင်တို့အား ရေလွတ်ရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဩဂုတ် ၇ ရက်နှင့် ၈ ရက်တွင် သဘာဝဘေး အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဝက်ကောင်ရေ ၁၂၀ ကို ဝက်ဝမ်းကျရောဂါကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးကာ လိုအပ်သည့်ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





# အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်း၊ အောင်ဆန်းခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဖရှေ့ဦးစွာ လူငယ်စကားဝိုင်းတွင် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗဟုသုတနှင့်ပြည့်စုံစေရန် လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ဆက်လက်၍ အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်းခွဲမှ Grade-9 ကျောင်းသူ မမေမြတ်မွန်က ‘လူငယ်နဲ့ စာပေ’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မသီရိပြည့်စုံက လူငယ်နဲ့ ‘Social Media’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -11 ကျောင်းသူ မမွန်မြတ်ခင်က ‘လူငယ်နဲ့ မူးယစ်ဆေးဝါး’ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းအား တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်နှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲမှ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်တို့အား ခင်းကျင်းပြသဆောင်ရွက်ခဲ့ရာ လူငယ်စကားဝိုင်း တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် နေအိမ်များအတွင်း ရေဝင်ရောက်မှုဖြစ်ပွားသဖြင့် ကူညီဆောင်ရွက်

**ပဲခူး ဩဂုတ် ၁၇**

၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဖောင်းကံရပ်ကွက်၊ ကြခပ်ရပ်ကွက်နှင့် ထုံးဘိုကျေးရွာအုပ်စုရှိ နေအိမ်များအတွင်း ရေဝင်ရောက်နေကြောင်း သတင်းရရှိသဖြင့် ပန်းတောင်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖောင်းကံရပ်ကွက်ရှိ အိမ်ထောင်စု ၇ စု၊ လူဦးရေ ၁၈ ဦး၊ ကြခပ်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၆၀ ဦးနှင့် ထုံးဘိုကျေးရွာအုပ်စုမှ အိမ်ထောင်စု ၄၄ စု၊ လူဦးရေ ၁၅၀ ဦး၊ စုစုပေါင်း အိမ်ထောင်စု ၇၅ စု၊ လူဦးရေ ၂၂၈ ဦးတို့အား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အငှားယာဉ်နှင့် ကုန်တင်ယာဉ်တိုက်မိမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ပဲခူး ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ရန်ကုန်-မော်လမြိုင် လမ်းမကြီးပေါ်တွင် ဩဂုတ် ၁၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က အငှားယာဉ်နှင့် ကုန်တင်ယာဉ် မျက်နှာချင်းဆိုင်တိုက်မိပြီး လူနှစ်ယောက် သေဆုံးသွားကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ဝေါမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီးနှင့် အခင်းဖြစ်နေရာသို့ သွားရောက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်၌ အငှားယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ သေဆုံးသူ ရုပ်အလောင်းများကို ဝေါလူမှုကူညီရေးအသင်းယာဉ်နှင့် ဝေါမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ



**ဘီးလင်း ဩဂုတ် ၁၇**

မွန်ပြည်နယ်တွင် လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ညနေ ၅ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ လောင်းကစားသတင်းအရ အရက်သီမကျေးရွာနေ ဒေါ်ခင်လှဦး(၄၉)နှစ် ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ အိမ်ရှင်ဖြစ်သူ ဒေါ်ခင်လှဦး(၄၉)နှစ်၊ တစ်ရွာတည်းနေ ဒေါ်စန်းရီ(၅၇)နှစ်၊ ဒေါ်မြဝင်း(၄၄)နှစ်၊ ဒေါ်စန်းဝင်း(၅၈)နှစ်နှင့် ဒေါ်မြတ်မွန်အေး(၃၅)နှစ်ဆိုသူ ငါးဦးတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ခင်လှဦးဆိုသူပါ ငါးဦးအား တောင်စွန်းနယ်မြေရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။




ကရင်ပြည်နယ် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့်နေရာအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

✣ စာမျက်နှာ ၂၄ မှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် ဇူလိုင် ၂၇ ရက်တွင် အဆိုပါဒေသအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံ ရှစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ကိုင်နေကြသူ အမျိုးသား ၆၅၂ ဦး၊ အမျိုးသမီး ၁၂၅ ဦး စုစုပေါင်း ၇၇၇ ဦးတို့အား လုပ်ငန်းသုံး ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အသုံးပြုခဲ့သည့် ကွန်ပျူတာ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးနှင့် Star Link တစ်လုံးတို့ကိုလည်း ပြန်လည်အသုံးမပြုနိုင်စေရန်အတွက် ဩဂုတ် ၁၂ ရက်တွင် မီးရှို့ဖျက်ဆီးပြီးဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိခဲ့သည့်နေရာရှိ တရားမဝင်ဆောက်လုပ်ထားသည့်အဆောက်အအုံများကို ပြန်လည်အသုံးပြုခြင်း မရှိစေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဌာနဆိုင်ရာအဖွဲ့များဖြင့် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၂ ရက်တွင် နှစ်ထပ်တိုက် လူနေအဆောက်အအုံ နှစ်လုံး၊ ဩဂုတ် ၁၃ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၄ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၅ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၆ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ယနေ့တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံးနှင့် သုံးထပ် လူနေအဆောက်အအုံ တစ်လုံး စုစုပေါင်း အဆောက်အအုံ ရှစ်လုံးကို စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီးဖြစ်ကြောင်းသိရသည်။



အွန်လိုင်းလောင်းကစားသုံး ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများအား အပြီးတိုင် မီးရှို့ဖျက်ဆီးနေမှု။

ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယနေ့မွန်းလွဲပိုင်းတွင် အထက်ပါဖမ်းဆီးရမိခဲ့သည့်နေရာ၏ အရှေ့တောင်ဘက် မီတာ ၄၀၀၀ ခန့်အကွာတွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျားပေ ၁၀၀၊ အနံပေ ၄၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၂၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၅၀၊ အနံပေ ၄၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ နှစ်လုံး၊ အလျားပေ ၅၀၊ အနံပေ ၂၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၉၀၊ အနံပေ ၂၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၃၀၊ အနံပေ ၂၀ Steel Structure ရေတိုင်ကီအကြီး နှစ်လုံးပါ သွပ်မိုး အဆောက်အအုံ တစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများအား အခကြေးငွေရယူပြီး အကာအကွယ်ပေးနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်မျိုးစုံ၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ဒဏ်ရာရခဲ့သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကရင်ပြည်နယ် မြဝတီမြို့နယ် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား မဖြိုဖျက်မီ(ဝဲပုံ)နှင့် အပြီးတိုင်ဖြိုချဖျက်ဆီး(ယာပုံ)ကို တွေ့ရစဉ်။

## မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁၇

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူ ဖမ်းမိတရားခံ ဒေါ်မြတ်ဆုမွန်(ခ)မဖြူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခန့်ပိုင်(ခ)မင်းရန်နိုင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်နေ အမျိုးသမီးတစ်ဦးအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ဟိုနားရပ်ကွက်နေ ဒေါ်မြတ်ဆုမွန်(ခ)မဖြူ နှင့် ခန့်ပိုင်(ခ)မင်းရန်နိုင်တို့နှစ်ဦးက TikTok အကောင့်မှ တရုတ်ဇနီးမယားလုပ်ကိုင်ရန်အတွက် မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်၊ လမ်းခရီးစရိတ်ကုန်ကျခံပေးမည်၊ မူဆယ်မြို့သို့ရောက်ရှိက သုံးလ စာချုပ်ချုပ်ဆိုပြီး မြန်မာငွေကျပ်သိန်း ၈၀ ရမည်၊ သုံးလပြည့်၍ ဆက်နေချင်ပါကနေလို့ကြောင်း၊ မနေချင်ပါက ၎င်းတို့ကိုယ်တိုင် ပြန်လည်ခေါ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ)၇၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၁၄ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးက ဖမ်းမိတရားခံ ဒေါ်မြတ်ဆုမွန်(ခ)မဖြူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခန့်ပိုင် (ခ) မင်းရန်နိုင်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✡ စာမျက်နှာ ၂၄ မှ

ဧရာဝတီအသင်းသည် ယခုပြိုင်ပွဲအတွက် ပြည်တွင်း၊ ပြည်ပကစားသမားကောင်းများစွာဖြင့် အင်အားဖြည့်တင်းထားပြီး ယနေ့ပွဲစဉ်တွင်လည်း ခေါ်ယူထားသည့် ဂျပန်ကစားသမား ငါးဦးအား ပွဲထွက်စာရင်း၌ ထည့်သွင်းအသုံးပြုသည်။ ယခုပွဲစဉ်တွင် ဧရာဝတီအသင်းသည် ဂျူရောင်းအသင်းကို ဆက်တိုက်ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရယူခြင်းဖြစ်သည်။

ဧရာဝတီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် ယူအီကာဆိုင်း၊ ပွဲချိန် ၅၅ မိနစ်နှင့် ၇၈ မိနစ်တွင် ဝင်းသီဂီထွန်း၊ ပွဲချိန် ၅၉ မိနစ်တွင် လင်းမြင့်မိုရ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဧရာဝတီအသင်းသည် ယခုခြေစစ်ပွဲအား အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပါက မြန်မာ့အမျိုးသမီးအသင်းအတွက် ကြီးမားသည့်အကျိုးသက်ရောက်မှုများ ရရှိလာမည်ဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၀ ရက်တွင် လက်ဘနွန်ကလပ် No Limits FC အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)

# နိုင်ငံတကာ အားကစား သတင်းများ

## အက်စ်ပန်ညိုအသင်းက လီဗန်တေးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဩဂုတ် ၁၇**

စပိန်လာလီဂါပွဲစဉ်(၁)အဖြစ် အက်စ်ပန်ညိုအသင်းနှင့် လီဗန်တေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်စ်ပန်ညို အသင်းက လီဗန်တေးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်စ်ပန်ညိုအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၅ မိနစ်နှင့် မိနစ် ၄၀ တွင် ရောဘတ်တိုဖာနန်ဒက်ဇ်၊ ပွဲချိန် မိနစ် ၈၀ တွင် ဒိုလန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အက်စ်ပန်ညိုအသင်းသည် စပိန်လာလီဂါပွဲစဉ်(၂)အဖြစ် လာမည့် ဩဂုတ် ၂၃ ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)





## ပြင်သစ်စူပါဖလား ချန်ပီယံဆုကို လန်းစ်အသင်းဆွတ်ခူး

**ပါရီ ဩဂုတ် ၁၇**

ပြင်သစ်စူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လန်းစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လန်းစ်အသင်းက ပီအက်စ်ဂျီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

လန်းစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် သောဗင်က သွင်းယူပေးခဲ့သည်။

လန်းစ်အသင်း၏ ထုတ်ပြန်ချက်တွင် "ပြင်သစ်စူပါဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်ထားသည်။

(အပေါ်ပုံ) (NGB)

## ၁၉၆၈ ခုနှစ်နောက်ပိုင်း ကွန်မြူနတီဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံးဂိုးသွင်းနိုင်သူအဖြစ် ကာလာဖီအိုရီ မှတ်တမ်းဝင်

**လန်ဒန် ဩဂုတ် ၁၇**

အာဆင်နယ်အသင်း နောက်ခံကစားသမား ကာလာဖီအိုရီသည် ၁၉၆၈ ခုနှစ်နောက်ပိုင်း ကွန်မြူနတီဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်နိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပွဲအစ ၂၃ စက္ကန့်မှာပင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။



နောက်ခံကစားသမား ကာလာဖီအိုရီသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ပွဲ ကစားပြီး ငါးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကာလာဖီအိုရီက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## တိုဆင်အဒါရာဘီယိုကို ခေါ်ယူရန် မာဆေးလ်အသင်းနှင့် ဘင်ဖီကာအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဩဂုတ် ၁၇**

မာဆေးလ်အသင်းနှင့် ဘင်ဖီကာအသင်းတို့သည် ချဲလ်ဆီး အသင်း နောက်ခံကစားသမား တိုဆင်အဒါရာဘီယိုကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၇၀ ကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းနှင့် ဘင်ဖီကာအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုဆင်အဒါရာဘီယိုကိုယ်တိုင်ကလည်း လက်ရှိအချိန် ချဲလ်ဆီးအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာလိုလျက်ရှိနေသည်။

ထို့ကြောင့် မာဆေးလ်အသင်းနှင့် ဘင်ဖီကာအသင်းတို့အနေဖြင့် မည်သည့်အသင်းက ချဲလ်ဆီးအသင်းထံမှ တိုဆင်အဒါရာဘီယိုကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## စပန့်စ်ကို အင်တာမီလန်အသင်း ခေါ်ယူ

**မီလန် ဩဂုတ် ၁၇**

စီးရီးအေထိပ်သီးကလပ် အင်တာမီလန်အသင်းသည် စပါးအသင်း နောက်ခံကစားသမား စပန့်စ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား စပန့်စ်သည် စပါးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ ပွဲ ကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား စပန့်စ် အနေဖြင့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် အင်တာမီလန်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ) (NGB)



## မီကာဂေါ့ဒ်စ် ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ်(၂၂)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**ပါရီ ဩဂုတ် ၁၇**

တောင်ပံကစားသမားသစ် မီကာဂေါ့ဒ်စ် ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ်(၂၂) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အေဂျက်စ်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။




တောင်ပံကစားသမား မီကာဂေါ့ဒ်စ်သည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၅ ပွဲ ကစားပြီး ၂၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမားငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (ဝဲပုံ) (NGB)

## 2026 US Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၂၅ ရက်တွင် စတင်မည်

**နယူးယောက် ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် ကျင်းပ ပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 US Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၂၅ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 US Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ ရက် ၂၀ ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 US Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

US Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ဘီလာရု တင်းနစ်မယ် Aryna Sabalenka ဖြစ်သည်။

(အောက်ပုံ) (NGB)



## မာတီယာဘာဇစ် အယ်လ်ချီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဩဂုတ် ၁၇**

အယ်လ်ချီအသင်းသည် အသင်း နောက်ခံကစားသမား မာတီယာဘာဇစ်ကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။




အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက အယ်လ်ချီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အယ်လ်ချီအသင်း၏ ထုတ်ပြန်ချက်တွင် "မာတီယာဘာဇစ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်ထားသည်။

(ဝဲပုံ) (NGB)

### ကလပ်အသင်းခြေစမ်းပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၈-၈-၂၀၂၆<br>ည ၁၀:၃၀ နာရီ | ဟိုင်ဒန်ဟိမ်း - ဘိုင်ယန်မြူးနစ် | ဟိုင်ဒန်ဟိမ်း ၀-၄ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၃-၃ ဟိုင်ဒန်ဟိမ်း |

## စာအုပ်၊ စာစောင်များ (အခမဲ့) သွားရောက်ငှားရမ်းပေး

**စဥ့်ကိုင် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်နှင့် ဝန်ထမ်းများက ဘဲလင်းအကျဉ်းဦးစီးဌာနသို့ သွားရောက်၍ နယ်လှည့်စာကြည့်တိုက် (Mobile Library)စနစ်ဖြင့် သုတ၊ ရသ စုံလင်သည့် စာအုပ်၊ စာစောင်များ (အခမဲ့) ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဒုတိယဦးစီးမှူးက မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းရန် မအားလပ်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာအုပ်၊ စာစောင်များ ဖတ်ရှုလေ့လာခြင်းဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ပိုမိုတိုးပွားလာစေရန်၊ စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာဖတ်ခြင်းအကျိုးကျေးဇူးများ သိရှိနားလည်လာစေရန်နှင့် စာပေချစ်မြတ်နိုးသူများ ပေါ်များလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် သုတ၊ ရသ စုံလင်သည့် စာအုပ်၊ စာစောင်များကို (အခမဲ့)ငှားရမ်းပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဘယ်လင်းအကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား တစ်ဦးလျှင် စာအုပ်နှစ်အုပ်ဖြင့် ခုနစ်ရက်အကြာ ဖတ်ရှုနိုင်ကြောင်းနှင့် အသင်းဝင်အသစ်များကို အသင်းဝင် စာငှားကတ် ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူများ စာပေကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများအရောက် အပတ်စဉ် လိုက်လံငှားရမ်းပေးသွားမည်ဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာပေချစ်မြတ်နိုးသူတိုင်း (အခမဲ့) အသင်းဝင်ရောက်ပြီး အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(ဓါတ်ပုံ)

**ကျော်စွာ(စဥ့်ကိုင်)**



## စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community centre) တွင် ယမန်နေ့ နံနက် ၁၀ နာရီက စာအုပ်၊ စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်ပြပွဲအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက တောင်တွင်းကြီးမြို့နယ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ မြို့နယ်ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထမှ အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာပေဗဟုသုတကြွယ်ဝစေရန်နှင့် စာအုပ်စာစောင်များအား တန်ဖိုးထားတက်စေရန် ရည်ရွယ်၍ စာအုပ်၊ စာစောင်ပြပွဲ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် အလုပ်တာဝန်များဖြင့် မအားလပ်၍ လာရောက်မဖတ်ရှုနိုင်သည့် စာပေချစ်မြတ်နိုးသူများအတွက်လည်း Mobile Library စနစ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ စာအုပ်၊ စာစောင်ပြပွဲတွင် သုတ၊ ရသ၊ ရုပ်ပြစာအုပ်စာစောင်များ၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်များကိုလည်း ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူကလေးသူငယ်များနှင့် လူငယ်လူရွယ် ၂၅ ဦးခန့်က စိတ်ဝင်တစားလေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိသနိုးမြေ)**



သတင်း-စာမျက်နှာ ၇



## စာပတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ယနေ့နံနက်ပိုင်းက အခြေခံပညာ မူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ဝန်ထမ်းများက စာဖတ်ခြင်းအကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ သိကောင်းစရာများကို ဟောပြောပြီး အသိပညာပေး နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ဝေဝေနိုင်(ပြန်/ဆက်)**

## မန္တလေးတက္ကသိုလ် သင်္ချာမိသားစု ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတက္ကသိုလ် သင်္ချာမိသားစုအငြိမ်းစား ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ နန်းတော်ဆေးရုံတွင် အရေးပေါ်တက်ရောက်ဆေးကုသမှုခံယူနေသော မန္တလေးတက္ကသိုလ် သင်္ချာဌာနမှ အငြိမ်းစားတွဲဖက်ပါမောက္ခ ဒေါ်ထိုက်ထိုက်ထံသွားရောက်၍ ကျန်းမာရေးအခြေအနေမေးမြန်းပြီး အားပေးစကားပြောကြားကာ ကျန်းမာရေးထောက်ပံ့ငွေကျပ် သုံးသိန်း ဂါရဝပြု ပေးအပ်ခဲ့သည်။ **(ဓါတ်ပုံ)**



အလားတူ ကုံကော်ဆေးရုံတွင် ဆေးကုသမှု ခံယူနေသော သင်္ချာပါမောက္ခ(ငြိမ်း) ဒေါက်တာသန်းထွန်းဝင်းအား ကျန်းမာရေးမေးမြန်း၍ အားပေးစကားပြောကြားပြီး ကျန်းမာရေးထောက်ပံ့ငွေကျပ် သုံးသိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝင့်)**

## ၃၂ လမ်းတွင် မြောင်းဆယ်လုပ်ငန်း ဆောင်ရွက်
## အောင်ပန်းမြေကျောင်းက စည်ပင်လုပ်သားများကို လိုအပ်သည်များ ကူညီ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂ လမ်း၊ အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်းရှေ့တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဝန်ထမ်းများက ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် မြောင်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းတွင် မြောင်းအတွင်းရှိ အမှိုက်နှင့် မြေသားများကို ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ချမ်းအေးသာစံမြို့နယ်၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက လာရောက်ကြီးကြပ်ခဲ့ကြသည်။

မြောင်းဆယ်လုပ်ငန်းဆောင်ရွက်နေစဉ် အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်းဘက်မှလည်း စည်ပင်သန့်ရှင်းရေးလုပ်သားများအား ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး လုပ်သားများအတွက် လိုအပ်သည်များကို ကူညီပေးခဲ့သည်။

အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကြီးကြပ်ရေးမှူး ဦးထိပ်တင်အောင်က စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အခုရက်ပိုင်းအတွင်း အမှိုက်စနစ်တကျစွန့်ပစ်ရေးပညာပေးလုပ်ငန်းများအပြင် မြောင်းသန့်ရှင်းရေး၊ မီးပွိုင့်များရှိ လူကူးအချက်ပြစနစ်များ ပြင်ဆင်တပ်ဆင်ခြင်းနှင့် လမ်းညွှန်ဆိုင်းဘုတ်များ ပြုပြင်ခြင်းများကိုလည်း တွေ့မြင်ရကြောင်း ပြောကြားသည်။

"ကိုယ့်ကျောင်းရှေ့ လာရောက်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ရှိသလို ကျောင်းကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်တာ ဖြစ်ပါတယ်။ စည်ပင်နဲ့ ပြည်သူ ပူးပေါင်းမှသာ မြို့တော် သန့်ရှင်းသာယာမှာ ဖြစ်ပါတယ်" ဟု ဦးထိပ်တင်အောင်က ပြောသည်။



ထို့ပြင် ကျောင်းသား၊ ကျောင်းသူများအား အမှိုက်ခွဲခြားစွန့်ပစ်ရေးနှင့် ပတ်သက်သည့် ပညာပေး ဟောပြောပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း လာရောက်ဆောင်ရွက်ပေးစေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀-၀

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များအား အသိပညာပေး ရှင်းလင်းဆွေးနွေး

**ညောင်ဦး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ အသိပညာပေးလုပ်ငန်းအဖွဲ့မှ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအား၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးသော်ထိုက်က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းပိုက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ သက်ဆိုင်ရာပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်း ပြောကြားကာ ခရိုင်ဥပဒေအသိပညာပေးရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးမြင့်ခိုင်က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ် ဆင့်ခေါ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့အား ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ခရိုင်ဥပဒေအသိပညာပေးလုပ်ငန်းအဖွဲ့ဝင်၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးသီဟက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ၎င်းနောက် ညောင်ဦးမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်ကျော်စိုးက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)



ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ဆေးပဒေသာပင် လှူဒါန်း



**မန္တလေး ဩဂုတ် ၁၇**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့၊ အမရပူရ၊ တိုးချဲ့(၁)၊ မှန်တန်းရပ်နေ ဦးမျိုးခိုင်ဝင်းသည် ယမန်နေ့က ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၅ သိန်း လှူဒါန်းခဲ့သည်။

အလှူရှင်များ၏ လှူဒါန်းမှုအား ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးယုတင်နှင့် ဦးအောင်ထိုက်ဦး၊ ရုံးအဖွဲ့မှူး ဦးထွန်းအောင်ကျော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အလှူရှင်များ လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)

## ကလေးစာဖတ်ခန်း၌ အရုပ်ဆက်ပြိုင်ပွဲ ကျင်းပ

**မိုင်းခုတ် ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကလေးစာဖတ်ခန်း၌ ကလေးငယ်များ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ အချိန်ကိုအကျိုးရှိစွာ ကုန်ဆုံးစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေး ပိုမိုထက်မြက် စဉ်းစားတွေးခေါ်နိုင်စွမ်း မြင့်မားလာစေရန် ရည်ရွယ်၍ အရုပ်ဆက်ပြိုင်ပွဲကို ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းက အဆိုပါရုံး ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဇင်မီမီထွန်းက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများ ပြောကြားပြီး အရုပ်ဆက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့အပြင် ပြိုင်ပွဲသို့ လာရောက်ကြသည့် ကလေးငယ်များအားလုံးကို အာဟာရမုန့်များနှင့် ဖျော်ရည်များ ဝေငှပေးခဲ့သည်။

အဆိုပါမိုင်းခုတ်မြို့ ကလေးစာဖတ်ခန်းတွင် ကလေးငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် အရုပ်ဆက်ပြိုင်ပွဲအပြင် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်

**မိုင်းနောင် ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အ·ထ·က မိုင်းနောင်တွင် KG ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းများကို ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အ·ထ·ကကျောင်းရှိ တာဝန်ခံဆရာ၊ ဆရာမများ၊ တိုက်နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမ ဒေါ်နန်းမေထားနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ ကြိုက်နှစ်သက်သည့် အာဟာရများကို ဆန်းစစ်ကာ အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်သတ္တုဓာတ်များ ပါဝင်သည့် ဒံပေါက်ထမင်းနှင့် ကြက်သားဟင်းတို့ဖြင့် (ဒုတိယအကြိမ်) ကျောင်းတွင်း အာဟာရများ ကျွေးမွေးခဲ့သည်။

အဆိုပါဆောင်ရွက်မှုသည် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ KG ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၀ ဦးအား (ဒုတိယအကြိမ်)အဖြစ် ကျောင်းတွင်း အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်

**အောင်လံ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုကြောင့် ယာယီရွှေ့ပြောင်းခိုလှုံနေကြရသည့် ရေဘေးသင့်ပြည်သူများအား တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အောင်လံမြို့၌ သရက်တောရပ်ကွက်အတွင်း မြစ်ရေဝင်ရောက်လာသည့်အတွက် အိမ်ခြေ ၃၇ အိမ်၊ အိမ်ထောင်စု ၃၇ စုမှ အမျိုးသား ၅၇ဦး၊ အမျိုးသမီး ၇၇ဦး၊ စုစုပေါင်း ပြည်သူ ၁၃၄ ဦးတို့သည် မကျီးကုန်းရပ်ကွက်ရှိ လယ်ပြင်ဘုန်းကြီးကျောင်းတွင် ယာယီပြောင်းရွှေ့ခိုလှုံနေကြရပြီး၊ ရေဘေးသင့်ပြည်သူများထံသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဌာနမှူး ဒေါက်တာထွန်းလင်းအောင်၊ သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာထွန်းနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်တွေ့ဆုံခဲ့ကြသည်။ (အပေါ်ပုံ)

ထိုသို့ သွားရောက်စဉ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးသင့်ပြည်သူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် လူဦးရေ ၁၃၄ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၆၇၀၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး၊ မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဌာနမှူးက ရေဘေးခိုလှုံစခန်းအတွင်း ကူးစက်ရောဂါများဖြစ်ပွားမှု မရှိစေရေးအတွက် အိမ်သာနှင့် အစားအသောက်များကို သန့်ရှင်းစွာ အသုံးပြုရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး အစဉ်ဂရုစိုက်ရန်၊ လက်ကို စနစ်တကျ မကြာခဏဆေးကြောကြရန်နှင့် ရေဘေးစခန်းအတွင်း စည်းကမ်းတကျ နေထိုင်ကြရန် ကျန်းမာရေးဆိုင်ရာ အသိပညာပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

## တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ကျေးလက်နေပြည်သူများ မွေးမြူထားသည့် တိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ရောဂါဖြစ်ပွားသည့်အခါ ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ယမန်နေ့က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရွာသစ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာတွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောက်ဆည်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ စိုးစန္ဒီနှင့် ဒုတိယဦးစီးမှူး ဒေါက်တာအိမ့်လှဖြူတို့က တိရစ္ဆာန်အမျိုးအစားအလိုက် ဖြစ်ပွားတတ်သော ရောဂါအမျိုးအစားများနှင့် ရောဂါလက္ခဏာများအကြောင်း၊ ရောဂါမဖြစ်ပွားစေရေး ရာသီအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရှေးဦးကုသနည်းများအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ရာ အခမ်းအနားသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူသူ ၇၈ ဦး တက်ရောက်ခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာဝင်းခန့်ထံမှ သိရသည်။

(၄၈၅)

# ပြည်သူကို ဗဟိုပြုသော အိန္ဒိယ၏ သံတမန်ရေးရာ

**Ambassador Jeitendra Kumar Tripathi (Retd.)**

ယခင်ကာလက သံတမန်ရေးရာကို နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများအပေါ်၌သာ အဓိကဖောင်းပေးသည့် နှစ်နိုင်ငံဆက်ဆံရေး ဆောင်ရွက်ချက်တစ်ခုအဖြစ်သာ နားလည်ထားခဲ့ကြသည်။ သို့သော်လည်း ယခုရာစုနှစ်သို့ရောက်ရှိလာချိန်တွင် ကမ္ဘာလုံးဆိုင်ရာ ဆက်နွယ်မှုများ၊ လျင်မြန်သော သိပ္ပံနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့် လူပုဂ္ဂိုလ်များ ပိုမိုကူးလူးသွားလာနိုင်မှုတို့ကြောင့် မြေပြင်ပကတိအခြေအနေများ လွန်စွာ ပြောင်းလဲသွားခဲ့ပြီး သံတမန်ရေးရာ၏ အတိုင်းအတာနှင့် နယ်ပယ်ကိုလည်း မဏ္ဍိုင်သစ်များဆီသို့ တိုးချဲ့ပြောင်းလဲစေခဲ့သည်။ အိန္ဒိယနိုင်ငံသည်လည်း ဤပြောင်းလဲမှု၏ ရိုက်ခတ်မှုကို လွှဲမရှောင်သာ ကြုံတွေ့ခဲ့ရပြီး ပြည်သူကို ဗဟိုပြုသော သံတမန်ရေးရာကို အဓိကအဖြစ်ထားရှိသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ ဤမူဝါဒသည် မိမိနိုင်ငံသားများ၏ ကောင်းကျိုး၊ လုံခြုံရေးနှင့် အကျိုးစီးပွားတို့ကို အဓိကဗဟိုချက်အဖြစ်ထားရှိကာ အိန္ဒိယနိုင်ငံသားများအား ပြင်ပဆက်ဆံရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာစေခဲ့ပြီး တစ်ဆက်တည်းမှာပင် အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာနကိုလည်း မိမိနိုင်ငံသားများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းနိုင်သော ဝန်ကြီးဌာနတစ်ခု ဖြစ်လာစေခဲ့သည်။

**ဤမူဝါဒ မည်သို့ စတင်ဖွံ့ဖြိုးတိုးတက်လာသနည်း။**

လွန်ခဲ့သည့် ရာစုနှစ်မကုန်မီအချိန်အထိ ပြည်ပရောက် အိန္ဒိယနိုင်ငံသားများ (NRIs) နှင့် အိန္ဒိယနွယ်ဖွားများသည် မိမိတို့၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက်သာ ပြည်ပသို့ ထွက်ခွာသွားကြသူများဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် တစ်စုံတစ်ရာ ထိရောက်စွာ ပံ့ပိုးပေးနိုင်ခြင်း မရှိသူများဟု ယူဆခြင်းခံခဲ့ရသဖြင့် အစိုးရ၏မူဝါဒများတွင် နေရာမရရှိခဲ့ကြပေ။ သို့သော်လည်း ယခုရာစုနှစ်အစတွင် ထိုပြည်ပရောက် အိန္ဒိယနိုင်ငံသားများသည် မိမိတို့၏ မူလမိခင်နိုင်ငံသို့ ငွေလွှဲပို့ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းများဖြင့် မိခင်နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုရုံမျှမက ၎င်းတို့နေထိုင်ရာ နိုင်ငံများ၏ အစိုးရအဖွဲ့များတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြကြောင်း သတိပြုမိလာကြသည်။ ပြည်ပရောက် အိန္ဒိယလူမျိုးများ၏ အရေးပါမှုကို ကြည့်မည်ဆိုပါက လက်ရှိတွင် လူဦးရေ ၃၅ ဒသမ ၄ သန်းကျော် (ဩစတြေးလျနှင့် နယူးဇီလန်နှစ်နိုင်ငံစုစုပေါင်းလူဦးရေထက် ပိုမိုများပြားသောပမာဏ)ရှိပြီး လွန်ခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၄၆ ဘီလီယံပေးပို့ခဲ့ကြသည်။ ထို့အပြင် အိန္ဒိယနွယ်ဖွားအများအပြားသည် ၎င်းတို့ရောက်ရှိရာ နိုင်ငံများ၏ အသိပညာရှင်၊ အတတ်ပညာရှင် အဖွဲ့အစည်းနှင့် အစိုးရအဖွဲ့များတွင် အရေးပါသော ရာထူးနေရာများသို့ ရောက်ရှိလာခဲ့ကြရာ ၎င်းတို့သည် အိန္ဒိယ၏ နိုင်ငံခြားရေးမူဝါဒတွက်ချက်မှုများတွင် လွန်စွာအရေးပါကြောင်း ပေါ်လွင်စေခဲ့သည်။ နောက်ပိုင်းတွင် အိန္ဒိယအစိုးရသည် ဤမျှများပြားသော အရည်အချင်းနှင့် သယံဇာတအရင်းအမြစ်ကြီးကို ပိုမိုအလေးဂရုပြုလာခဲ့သည်။ နှစ်စဉ်ကျင်းပသော "(Pravasi Sammelan- ပြည်ပရောက် အိန္ဒိယနိုင်ငံသားများ ညီလာခံ)"နှင့် "(Pravasi Awards)" တို့သည် ပြည်ပရောက် ထင်ရှားသော အိန္ဒိယနွယ်ဖွားများနှင့် ဆက်သွယ်ထိတွေ့မှုကို ပိုမိုအားကောင်းလာစေခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာနသည် အလုပ်အကိုင်၊ စီးပွားရေး(သို့မဟုတ်)ပညာရေးအတွက် ပြည်ပသို့ သွားရောက်သည့် အိန္ဒိယနိုင်ငံသားများ၏ သုခနှင့် အကျိုးစီးပွားကို အာမခံနိုင်ရန် အစီအစဉ်များစွာကို စတင်ဆောင်ရွက်ခဲ့သည်။

**ပြည်သူကို ဗဟိုပြုသော သံတမန်ရေးရာ၏ အဓိကအင်္ဂါရပ်များ**

ဤအစီအစဉ်များသည် နိုင်ငံကူးလက်မှတ် (Passport) လျှောက်ထားခြင်းမှသည် ဗီဇာ၊ ခရီးသွားလာရေး၊ ဘေးကင်းစွာနေထိုင်ရေးနှင့် အိန္ဒိယနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးတို့အထိ လွှမ်းခြုံထားသည်။ ပြည်ပသို့ ထွက်ခွာလိုသည့် အိန္ဒိယနိုင်ငံသား အရေအတွက် တိုးတက်လာသည်နှင့်အမျှ အစိုးရသည် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ရုံးသစ်များ၊ ခရိုင်အားလုံးတွင် လျှောက်လွှာလက်ခံရေးစခန်းများကို ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲကာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုကို လွယ်ကူစေရန် အပြည်ပြည်ဆိုင်ရာလေဆိပ်များကို ပိုမိုဖွင့်လှစ်ပေးခဲ့သည်။ ပြည်ပမထွက်မီ အသိပညာပေးခြင်း၊ သင်တန်းပေးခြင်း (PDOT)အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ပြည်ပရောက် အိန္ဒိယနိုင်ငံသားများ၏ ကျန်းမာရေးအာမခံအတွက် "Pravasi Bhartiya Bima Yojna အစီအစဉ်ကို စတင်ခဲ့သည်။ အိန္ဒိယလုပ်သားများ၏ လုပ်ငန်းခွင်ပတ်ဝန်းကျင် ကောင်းမွန်စေရန်အတွက် နိုင်ငံပေါင်း ရှစ်နိုင်ငံနှင့် ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ကူးလူးသွားလာခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များ၊ နိုင်ငံပေါင်း ၁၉ နိုင်ငံနှင့် လူမှုဖူလုံရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။ စည်းမျဉ်းစည်းကမ်းများကို သိရှိနိုင်ရန် "e-migrate" အက်ပလီကေးရှင်းကို လွှင့်တင်ခဲ့သည်။ ဘာသာစကားမျိုးစုံဖြင့် အကူအညီပေးသော "MADAD" ပေါ်တယ်လ်သည် အကူအညီလိုသည့် အိန္ဒိယနိုင်ငံသားများကို ၂၄ နာရီပတ်လုံး ကူညီပေးလျက်ရှိသည်။ ၎င်းစနစ်သည် အလုပ်အကိုင်ဗီဇာများ၊ အလုပ်ရှင်၏ အခြေအနေနှင့် လုပ်သားလောင်းများအား ပေးအပ်ထားသည့် အာမခံလွှမ်းခြုံမှုများကိုလည်း စိစစ်ပေးသည်။ အစိုးရသည် ပြည်ပရောက် အိန္ဒိယနိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သံရုံးနှင့် ကောင်စစ်ဝန်ရုံးများကို ပိုမိုဖွင့်လှစ်ခဲ့သည်။ ထိုနယ်မြေအတွင်း နေထိုင်သော အိန္ဒိယနိုင်ငံသားများ၏ ကောင်းကျိုးအတွက် ကောင်စစ်ဝန်ဌာနခွဲမှ သီးခြားခွဲထွက်ထားသော "အိန္ဒိယလူမှုအသိုက်အဝန်းဌာနခွဲ"ကို ထူထောင်ခဲ့သည်။ အရေးပေါ်အခြေအနေများတွင် ခက်ခဲဒုက္ခရောက်နေသော၊ သောင်တင်နေသော အိန္ဒိယနိုင်ငံသားများအတွက် ယာယီခိုလှုံရာနေရာများ၊ ဥပဒေကြောင်းဆိုင်ရာ အကူအညီများနှင့် အိန္ဒိယသို့ပြန်ရန် လေယာဉ်လက်မှတ်များ ပေးအပ်ကူညီနိုင်ရန် ပြည်ပရှိ မစ်ရှင်များနှင့် သံရုံးများအားလုံးတွင် "အိန္ဒိယအသိုက်အဝန်း လူမှုဖူလုံရေး ရန်ပုံငွေ"ကို ထူထောင်ထားသည်။ ထို့အပြင် အိန္ဒိယသံရုံးများတွင် ပြည်သူများ၏ လိုအပ်ချက်နှင့်တင်ပြချက်စကားများကို တိုက်ရိုက်ဆွေးနွေးနိုင်ရန် "Open House" များကို ပုံမှန်ကျင်းပပေးလျက်ရှိသည်။ အစိုးရသည် အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့်ဒေသများတွင် သောင်တင်နေသော အိန္ဒိယနိုင်ငံသားအတွက် အောင်မြင်သော ကယ်ဆယ်ရေးလုပ်ငန်းစဉ်များစွာကို လုပ်ဆောင်ခဲ့သည်။

**စိန်ခေါ်မှုများ**

ပြည်သူကို ဗဟိုပြုသော သံတမန်ရေးရာတွင်လည်း ၎င်း၏ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ထွက်ခွာသည့် အိန္ဒိယနိုင်ငံသားအရေအတွက် တိုးတက်လာခြင်းသည် ဝန်ထမ်းနှင့် လိုအပ်သည့် အရင်းအမြစ်ရှားပါးမှုဒဏ်ကို ခံနေရပြီးဖြစ်သော ပြည်ပရှိ အိန္ဒိယသံရုံး၊ မစ်ရှင်များအပေါ် ဝန်ထုပ်ဝန်ပိုး ကြီးမားစေသည်။ ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံများတွင် မတည်ငြိမ်သောအခြေအနေများကြောင့် အိန္ဒိယအသိုက်အဝန်းကို ထိရောက်စွာကူညီပေးရန် ခက်ခဲစေသည်။ ထို့အပြင် ပွဲစားများ၏ သတင်းအချက်အလက်အမှားပေးမှုများ၊ လူမှုကွန်ရက်ပေါ်ရှိ သတင်းမှားများနှင့် ဒေသတွင်း မကိုက်ညီသော ဥပဒေစနစ်များသည် ပြဿနာများကို ပိုမိုရှုပ်ထွေးစေသည်။

**ရှေ့ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများ**

ပြည်ပရှိ အိန္ဒိယသံရုံးများထံတွင် လုံလောက်သော ဝန်ထမ်းနှင့် ရန်ပုံငွေများကို ခွဲဝေပေးခြင်း၊ ထိုနေရာများသို့ မစေလွှတ်မီ သင့်လျော်သော သင်တန်းများ ပေးအပ်ခြင်းတို့ဖြင့် စိန်ခေါ်မှုများကို လျှော့ချနိုင်သည်။ ပြည်ပသို့ အလုပ်အကိုင် (သို့မဟုတ်) ပညာရေးအတွက် တက်ရောက်မည့် အိန္ဒိယနိုင်ငံသားတိုင်းအတွက် ပြည်ပမထွက်မီ အသိပညာပေးစခန်းများ တက်ရောက်ခြင်းကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပြီး ထိုအိန္ဒိယနိုင်ငံသားများအား လမ်းမှားရောက်အောင်လှည့်ဖြားနေသည့် ပွဲစားများကို နှိမ်နင်းရန်မှာ လွန်စွာလိုအပ်ပါသည်။

**နိဂုံး**

ကျွန်ုပ်တို့၏ သံတမန်ရေးရာတွင် ပြည်သူများ၏ အရေးပါမှုကို နောက်ဆုံး၌ အသိအမှတ်ပြုလာကြပြီး အစိုးရအနေဖြင့် ၎င်းတို့၏ ပြဿနာများကို ဦးတည်ချက်ရှိရှိ၊ အပြုသဘောဆောင်သည့် သဘောထားဖြင့် ဖြေရှင်းပေးနေသည်မှာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ အရင်းအမြစ်များကို ပိုမိုခွဲဝေပေးခြင်းနှင့် ပွဲစားများကို ထိရောက်စွာ အရေးယူခြင်းတို့ဖြင့် ကျွန်ုပ်တို့၏ ပြည်သူကိုဗဟိုပြုသော သံတမန်ရေးရာသည် ပိုမိုကောင်းမွန်သော အသီးအပွင့်များကို ဧကန်မလွဲ ရရှိခံစားရမည် ဖြစ်ပါသည်။

**ဒေါက်တာမိုဟန်ကူးမား**
**(ပြင်သစ်နိုင်ငံဆိုင်ရာ အိန္ဒိယသံ**
**အမတ်ကြီးဟောင်း လက်ရှိ**
**O.P Jindal Global ၏**
**ကျောင်းအုပ်ကြီး/ ပါမောက္ခ)**

**(ဤဆောင်းပါးပါ အယူအဆများသည် စာရေးသူ၏ ကိုယ်ပိုင်အမြင်များသာ ဖြစ်ကြပါသည်။)**

## အ•မ•က(၂)၌ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၇**

အခြေခံပညာကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဖြောင့်မတ်တည်ကြည်မှုတန်ဖိုးများကို သိရှိနားလည်စေရန် ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲကို ယနေ့တွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပညာပေးဟောပြောပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်၊ အမက(၂) ကျောင်းအုပ်ဆရာကြီး ဦးသော်သော်၊ ဆရာ၊ ဆရာမများနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးတို့ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး အစီအစဉ် (ဆရာကိုင်) စာအုပ်ပါ သင်ခန်းစာများကို အခြေခံ၍ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အများအကျိုးနှင့် ကိုယ်ကျိုးအကြား မှန်ကန်စွာ ခွဲခြားတွေးခေါ်နိုင်ရေး၊ ဖြောင့်မတ်တည်ကြည်မှုတန်ဖိုးများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများကို ဆွေးနွေး ဟောပြောပေးသည်။

ထိုသို့ ပညာပေးဟောပြောခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားမှုနှင့် တာဝန်ယူမှုတန်ဖိုးများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့် အသိပညာများ ရရှိခဲ့ကြောင်း သိရသည်။**(ယာပုံ)မန္တလေးနေ့စဉ်-စ**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ သုတရသစာအုပ်များလှူဒါန်း

**ပြင်ဦးလွင် ဩဂုတ် ၁၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ တက္ကသိုလ်စာကြည့်တိုက်သို့ သင်တန်းသား၊ သင်တန်းသူများ စာပေများ ဖတ်ရှုလေ့လာနိုင်ရန် သုတရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၄ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ အဆိုပါတက္ကသိုလ် ရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့ ဓမ္မသံတော်ဆင့်စာပေတိုက်မှ ထုတ်ဝေသော ဘာသာရေး၊ နိုင်ငံရေး၊ သချာင်္ဘာသာရပ်ဆိုင်ရာနှင့် သုတရသစာအုပ်များ လှူဒါန်းရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ပါမောက္ခချုပ်ကိုယ်စား လက်ထောက်ပါမောက္ခထိန်း ဦးခင်သော်က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၅)





## စာဖတ်ရိုက်မြှင့်တင်ရေး ဟောပြောပွဲကျင်းပ

**မိုင်းစံ ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်ရိုက်မြှင့်တင်ရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၁၀နာရီက မိုင်းစံမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်အိဇာချိုက စာဖတ်ရိုက်မြှင့်တင်ရေးအတွက် နယ်လှည့်အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများ၊ လူငယ်နှင့် စာပေပညာရည်မြင့်မားရေး သိကောင်းစရာများ၊ အသိပညာဗဟုသုတတိုးပွားစေရေး စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ လျှပ်စစ်သုံးစွဲမှုချွေတာရေး အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၁၇**



မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထားကြိုးစားရန်၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံကုံလုံစွာ ဖွံ့ဖြိုးလာအောင် ကြိုးစားပြုစုပျိုးထောင်အားထုတ်ကြရန် လိုပါကြောင်း၊ ကျောင်းနေအရွယ်လွန်ပြီးနောက်လည်း လူသားတစ်ဦးအနေဖြင့် အဆိုပါ ဗလငါးတန် ရှင်သန်ကြီးထွားကြီးပွားဖွံ့ဖြိုးတိုးတက်နေအောင် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကိုယ်တိုင်က သင်ယူလေ့လာဆည်းပူးခြင်း၊ ဖြည့်ဆည်းပျိုးထောင်ခြင်းတို့ဖြင့် အစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲသို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်အား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိသနိုးမြေ)

## ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့

**ကံမ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ အမှတ်(၂) ရပ်ကွက် ရေဘေးယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် မြို့နယ်သာသနာ့ဗိမာန်၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် မြဝတီကျေးရွာ၊ ရေလယ်ကျွန်းကျေးရွာ၊ ဂုန်းသောင်ကျေးရွာ၊ ကျွန်းကလေးကျေးရွာရှိ ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးက အားပေးစကားပြောကြားပြီးနောက် အိမ်ထောင်စု ၃၉၄ စု လူဦးရေ ၁၄၄၂ ဦးတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် နှစ်ပြည်နှုန်းဖြင့် ၇၈၈ ပြည်၊ အိမ်ထောင်စုတစ်စုလျှင် ခေါက်ဆွဲခြောက် ၁၀ ထုပ်နှုန်းဖြင့် ၃၉၄၀ ထုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၇၈ သိန်း ၈သောင်း၊ သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ကယ်ဆယ်ရေးရန်ပုံငွေမှ ထပ်တိုးအိမ်ထောင်စု ၂၉၁ စု၊ လူဦးရေ ၁၀၃၉ ဦးတို့အတွက် လူတစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၁၉၅၀၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)




## မနာလို ဝန်တိုကင်း

* လောကကို စောင့်တရား
များများစား မရှိပါ၊
မနာလို ဝန်တိုမှု
ကင်းအောင်ပြုရာ။
မြင်၊ ကြား၊ သိ ခဏတာ
ဖြစ်ပျက်သာ ရှုမှတ်ပွား၊
မကောင်းရာ စိတ်အလုပ်
နောက်ဆုတ်လို့သွား။

* ကျင်လည်ရာ လူ့ဘဝ
မေတ္တာက အရင်းခံ၊
သတ္တဝါ မှန်သမျှ
အေးမြစေရန်။
စိတ်ဆန္ဒ မှန်မှန်ကန်
နေ့စဉ်မှန် သစ္စာမြဲ၊
မေတ္တာကို သစ္စာကဲက
ဘယ်လွဲလိမ့်လဲ။

* မနာလို ဝန်တိုကင်း
မေတ္တာနှင်း ပို့မေတ္တာ၊
ကိုယ့်ထက်သာ အရာရောက်
ဝမ်းမြောက်ပေးပါ။
မိမိနှင့် နှိုင်းယှဉ်ကာ
ပြည့်စုံလာ လူအများ၊
ချမ်းသာလို စိတ်မြတ်ထား
မုဒိတာပွား။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်နံပါတ်(၃၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ဖွားကြိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယဉ်မူယာအောင် (ဘ)ဦးညွန့်မောင်(၉/အမဇ(နိုင်)၀၀၅၀၀၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း(LL.B,LL.M,DBL)** **ဒေါ်မာမာဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆင်ပွတ်ကြီးကျေးရွာ၊ ကွင်းအမှတ်(၄၈၂/ဆင်ပွတ်တောင်ကွင်း)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ (၁ ဒသမ ၈၄)ဧက အကျယ်အဝန်းရှိ ဦးထွန်းဝေ အမည်ဖြင့်ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံများနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်သွယ်သွယ်တိုး (ဘ)ဦးပိုက်မောင်(၉/ပသက(နိုင်) ၁၀၉၄၄၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

**ဦးစည်သူမြင့် (LL.M) ဒေါ်စိုးလှဲ့မွန် (LL.M)**
**အထက်တန်းရှေ့နေများ**
**ကုန်းတန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၇၅၃၁၁၃၇၀၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၂)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးအေးကို(ခ)ဦးအေးပို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ပိုင်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခွန်နှင်းဦးဝေ (ဘ)ဦးသိန်းဝင်း(၉/မထလ(နိုင်)၂၅၆၄၂၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း(LL.B,LL.M,DBL)** **ဒေါ်မာမာဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၉)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၅)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးကြီးအေးသန့်(ငြိမ်း) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြူကြူလွင် (ဘ)ဦးသိန်းလွင်(၉/မနမ(နိုင်)၁၀၀၇၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း(LL.B,LL.M,DBL)** **ဒေါ်မာမာဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၃)၊ ဦးပိုင်အမှတ်(၉)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိုးမြင့် အမည်ဖြင့်မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးဝင်း (ဘ)ဦးစံထွန်း(၉/မသန(နိုင်)၀၂၃၁၂၄)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဖြူသီမြင့် (LL.B, DBL) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၂၀) မြေအကျယ်အဝန်း တောင်မြောက် (၉)ပေ×အရှေ့အနောက် (၂၁)ပေရှိ နံကပ် (၂)ထပ် အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပိုင်ရောင်းချသူ ဦးအောင်ဌေးလင်း(၈/ပမန(နိုင်)၁၄၁၃၁၃)မှ မိမိလက်ရောက်ဝယ်ယူပိုင်ထားသည့် ဘိုးဘပိုင်မြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်းတို့ ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာ(၉/မရတ(နိုင်)၀၉၂၀၅၃)က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ရဲကျော် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၄၆၆/၁၆-၅-၂၀၂၄)**
**အိမ်အမှတ်(က/၂)၊ အကွက်(၄၂၈)၊ မဟာလမ်းသွယ်၊**
**သံလျက်မော်အရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၉၅၀၁၅၂၄၇၉၊ ၀၉-၄၀၉၂၀၅၀၅၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၃)၊ ဦးပိုင်အမှတ်(၁၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းမောင် အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်စိုးဝင်း (ဘ)ဦးထွန်းရွှေ(၁၂/လကန(နိုင်)၀၀၄၃၇၈)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဖြူသီမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၈)၊ ဦးပိုင်အမှတ်(၁-က)၊ ဧရိယာ(ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဒေါ်တင်ကြည် အမည်ဖြင့်ချထားရရှိထားသော ဂရန်လျှောက်ထားပိုင်ခွင့်ရှိသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ဧရိယာ(ပေ၃၀×၂၂ဒသမ၅ပေ)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူလက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အဲလီဇဘက် (ဘ) ဦးဂျေလူးဝစ်(စ်)(၉/မရတ(နိုင်)၀၈၉၂၄၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်မူမူအေး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၅၈)**
**တဲကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၇၀၀၁၈၂၉**

## အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ဖျက်သိမ်းကြောင်း
## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၂)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးချစ်ပေါ် အမည်ပေါက်ဂရန်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးချစ်ပေါ် (ဘ)ဦးကျန်(၉/မရတ(နိုင်)၀၃၂၆၇၇)(အန်တီအိုင်-၀၃၇၁၃၂)မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ (၂၁)မိုင်၊ အမှတ်(၁၁၄)နေ ဦးအောင်သိန်း(ဘ)ဦးဝင်းဆွေဦး(၉/ပဥလ(နိုင်)၀၂၉၉၂၇)အား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၈-၄-၂၀၂၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၀၂/၂၀၂၂)ဖြင့် ရုံးဌာနအသီးသီးတွင် ကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် အထူးကိုယ်စားလှယ်စာလွှဲအပ်ခဲ့ပါသည်။ အဆိုပါ လွှဲအပ်ထားသောကိစ္စရပ်များအတွက် လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသဖြင့် အထူးကိုယ်စားလှယ်စာလွှဲအပ်သူ ဦးချစ်ပေါ်မှ မိမိလွှဲအပ်ထားသော (၈-၄-၂၀၂၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၀၂/၂၀၂၂)အား ပြန်လည်ဖျက်သိမ်းပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**

**ဦးချစ်ပေါ် (ဘ)ဦးကျန်(၉/မရတ(နိုင်)၀၃၂၆၇၇)**
**(အန်တီအိုင်-၀၃၇၁၃၂)**

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၈)၊ ဦးပိုင်အမှတ်(၄၄-ဃ)၊ ၂၂လမ်းနှင့်၈၂လမ်းထောင့်ရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဖခင် ဦးလင်ဟောက်ချူးမှ အပေးစာချုပ်အမှတ်(၂၄၃/၁၉၉၁)ဖြင့် သား ဦးမြင့်ထွန်း(ခ)ကိုအန် အား ပေးကမ်းခဲ့ပြီး ဖခင် ဦးမြင့်ထွန်း(ခ)ကိုအန်၊ မိခင် ဒေါ်ချိန့်မီလာ(ခ)ခင်ခင်အေးတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ဟောမာန်နှင်းဦး(၉/အမဇ(နိုင်)၀၄၀၂၃၃)၊ ဒေါ်အိဖြူစင်(၉/အမဇ(နိုင်)၀၅၈၂၁၃)၊ ဦးမင်းထက်အောင်(၉/အမဇ(နိုင်)၀၅၈၂၂၇)တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## သမီးဖြစ်သူ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၃)ရပ်ကွက်နေ ဦးဌေးမင်း(၉/ပသက(နိုင်)၀၂၆၈၀၈)နှင့် ဒေါ်ချိုမာ(၉/ပသက (နိုင်)၀၂၆၁၄၃)တို့၏သမီးဖြစ်သူ မချိုဝေလွင်(၉/ပသက(နိုင်)၁၁၉၀၅၀)သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုမူများ၊ မိဘစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်နေသောကြောင့် ယနေ့သတင်းစာကြေညာပါသည့်ရက်မှစ၍ အမွေစား၊ အမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မချိုဝေလွင်နှင့်ပတ်သက်သည့် မည်သည့်အကြောင်းအရာကိစ္စမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း မချိုဝေလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဌေးမင်း** **ဒေါ်ချိုမာ**
**(၉/ပသက(နိုင်)၀၂၆၈၀၈)၊** **(၉/ပသက(နိုင်)၀၂၆၁၄၃)**
**အမှတ်(၃)၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၈)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးယုမောင်(ဘ)ဦးမင်းအောင်(၉/မရမ(နိုင်)၀၉၂၄၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ကွင်းမှတ်(၅၄၁/အောင်ပင်လယ်ကန်တွင်းကွင်း)၊ ဦးပိုင်အမှတ်(၆၃/၃)၊ ဧရိယာ(၁ ဒသမ ၃၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဝင်းနိုင်(ဘ)ဦးဘောင်တီ(ခ)ဦးမောင်တင်(၇/တငန(နိုင်)၀၀၂၅၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၀)၊ ဦးပိုင်အမှတ်(၂၀/ဗ)၊ ဧရိယာ(၀ ဒသမ ၀၂၄၅)ဧက၊ အကျယ်အဝန်းရှိသော ကရပ်ဆင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်ညီညီ(ဘ)ဦးဟန်(၉/မနမ(နိုင်)၀၄၃၄၁၀)၊ (၂)ဒေါ်ပို(ဘ)ဦးဟန်(၉/မနမ(နိုင်)၀၄၃၁၅၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး(LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း➤ 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်(ဒ-၇)၊ ဦးပိုင်အမှတ် (၁၃+၁၄+၂၃+၂၄+၂၅+၂၆)၊ ၆၅လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ကားပါကင်ပါ ဓာတ်လှေကား(၃)စင်းပါ မြေအောက်ထပ်၊ RC(၁၂)ထပ်တိုက်၊ 65 Tower ၏အလွှာ(၉)လွှာ၊ အခန်းအမှတ်(I-9)၊ အကျယ်အဝန်း (၂၇ ပေ × ၅၉ ပေ)ရှိသော တိုက်ခန်းသည် ဒေါ်လှိုင်ရတနာထွန်း(ဘ)ဦးဖေယျာထွန်း(၁/မကန(နိုင်)၁၈၅၄၉၁)ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ ယင်းတိုက်ခန်း အပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်လှိုင်ရတနာထွန်း(ဘ)ဦးဖေယျာထွန်း(၁/မကန(နိုင်)၁၈၅၄၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါအောင်(LL.B) အထက်တန်းရှေ့နေ**
**၃၃လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ကဥ္စာမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၉၇၇၅၂၁၈၅၉၊ ၀၉-၄၃၆၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်နံပါတ်(၇၁-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးလှဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်သူစိုး(ဘ)ဦးဘငွေး(၉/မရတ(နိုင်)၁၂၆၃၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| **ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** | **ဦးတင်အောင်မိုး LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင် LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဖြိုးသာခန့် LL.B**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် LL.B**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမိုမိုထွန်း LL.B**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၀၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၄၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ စိန်မြင့်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်း(ပေ ၂၀ × ပေ ၄၀)ထဲမှ တောင်ဘက်ပိုင်း(၁၀ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းစန်းဝင်း(ဘ)ဦးကြည်ဝင်း(၉/ခမစ(နိုင်)၀၀၆၇၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၇)၊ ဦးပိုင်နံပါတ်(၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးကျော်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်းနှင့်ကပ်လျက် မြောက်ဘက်ပိုင်း(၁၆ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မင်း(ဘ)ဦးသန်းမောင်(၅/ပလန(နိုင်)၀၄၈၆၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| **ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** | **ဦးတင်အောင်မိုး LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင် LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဖြိုးသာခန့် LL.B**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် LL.B**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမိုမိုထွန်း LL.B**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၀၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၁)၊ ဦးပိုင်နံပါတ်(၆၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်၏မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိမြေနေရာချထားပေးခြင်းခံခဲ့ရသူ (ဖခင်)ဦးအီစွတ် ကွယ်လွန်သွားခဲ့သဖြင့် မောင်နှမများ အမွေခွဲဝေခြင်းကတိစာချုပ်အရ ဥပဒေနှင့်အညီ လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မင်းလွင်(ဘ)ဦးအီစွတ်(၉/မနတ(နိုင်)၀၉၉၄၀၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**ပဲခူး ဩဂုတ် ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မိဝေးဖဝေး မိသားစုများနှင့် ဝေးကွာပြီး နေ့မအားညမနားလုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော ရှေ့တန်းစစ်မျက်နှာအသီးသီးမှ ရှေ့တန်းပြန် တပ်မတော်သားများအား ပဲခူးမြို့ နယ်မြေခံတပ်မဌာနချုပ်၌ ဂုဏ်ပြုကြိုဆိုခဲ့သည်။

အဆိုပါ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်သားများ၏ မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီး၊ အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

၀-၀-၀-၀-၀

# ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖြိုချဖျက်ဆီး၊ အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်များ သိမ်းပိုက်ရရှိ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် လည်းပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည့်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။ စာမျက်နှာ ၁၀ သို့ ❖









**ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဖမ်းဆီးရမိစဉ်။**

## ကျော်မင်းဦးကို ရှမ်းယူနိုက်တက်အသင်း ခေါ်ယူ

**ရန်ကုန် ဩဂုတ် ၁၇**

ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ၂၀၂၆/၂၀၂၇ ဘောလုံးရာသီအတွက် မြန်မာ့လက်ရွေးစင်ကွင်းလယ်ခံစစ် ကစားသမား ကျော်မင်းဦးကို အသင်းသို့ ခေါ်ယူအားဖြည့်နိုင်ခဲ့ပြီဖြစ်သည်။

ကျော်မင်းဦးသည် ကွင်းလယ်ခံစစ်နေရာကို အဓိကကစားနိုင်သည့်အပြင် ဗဟိုခံစစ်နေရာတွင်လည်း ပါဝင်ကစားနိုင်သော အတွေ့အကြုံရင့် ကစားသမားတစ်ဦးဖြစ်သည်။

မြန်မာ့ပြည်တွင်းဘောလုံးလောကတွင် ဧရာဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်တို့တွင် ပါဝင်ကစားခဲ့ပြီး နိုင်ငံခြားကလပ်အသင်းအတွေ့အကြုံအဖြစ် မလေးရှား Super League တွင် PDRM FC နှင့် Terengganu FC တို့၌ ပါဝင်ကစားခဲ့သည်။ ထို့အပြင် မြန်မာ့လက်ရွေးစင်အသင်း၏ U-16၊ U-19၊ U-22 အဆင့်များတွင် ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းအတွက်လည်း ယခုချိန်အထိ ကိုယ်စားပြုကစားပေးနေသူဖြစ်သည်။




ယခုအခါ ပြည်တွင်း၊ ပြည်ပ ဘောလုံးအတွေ့အကြုံများကို ပိုင်ဆိုင်ထားသည့် ကျော်မင်းဦးသည် ၂၀၂၆/၂၀၂၇ ဘောလုံးရာသီတွင် ရှမ်းယူနိုက်တက်အသင်း၏ ကွင်းလယ်ပိုင်းကို အားဖြည့်ပေးရန် ရောက်ရှိလာပြီဖြစ်သည်။

ကျော်မင်းဦးက "အခုလို ရှုံးပွဲမရှိ ချန်ပီယံအသင်းကို ရောက်ရှိလာတဲ့အတွက် အတိုင်းမသိဝမ်းသာပျော်ရွှင်မိပါတယ်။ ချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်ကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်အောင် ကြိုးစားပါ့မယ်။ ရှမ်းယူနိုက်တက် ပရိသတ်တွေကတော့ အများကြီးပြောစရာမလိုပါဘူး။ ဆက်လက်ပြီးတော့ အားပေးကြပါဦး။ ဒီနှစ်မှာလည်း ပြည်တွင်း၊ ပြည်ပ ရလဒ်ကောင်းတွေရအောင် ကြိုးစားပါ့မယ်။" ဟု ပြောကြားခဲ့သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀-၀

## ဧရာဝတီအသင်းက ဂျူရောင်းအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရ

**ရန်ကုန် ဩဂုတ် ၁၇**

၂၀၂၆-၂၀၂၇ ရာသီအာရှအမျိုးသမီးချန်ပီယံလိဂ်ခြေစစ်ပွဲ အဖွင့်ပွဲစဉ်အဖြစ် မြန်မာကလပ် ဧရာဝတီအက်ဖ်စီအသင်းနှင့် စင်ကာပူကလပ် ဂျူရောင်းအက်ဖ်စီအသင်းတို့ ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီအသင်းက ဂျူရောင်းအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၀ သို့ ✡

